ไม่ใช่เพราะเกลียด

# မုန်း၍မဟူ

ဂျာနယ်ကျော်မမလေး

ဧကာဒသမအကြိမ်



THIHAYADANAR

သီဟရတနာစာပေ

အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဦးစောဟန်သည် ဝေဝေ ပြောပုံကို စိတ်ရှိလက်ရှိ ငေးကြည့်နေသည်။ မျက်လုံးထဲတွင် ဝေဝေ၏ သိက္ခာကလေးနှင့် ရူးငြိ ဆုံတွေ့နေလေသည်။ သိက္ခာရှိသော မျက်နှာလေးမှ ရိုးဖြောင့်သော အရောင်ကိုလည်း မြင်မိသည်။ ငယ်သောအသွင်လည်း မပျောက်၊ မျက်နှာကလေးကို ခြယ်ထားသော အလှကျက်သရေထဲတွင် တည်ငြိမ်သည့် မှင်ကိုလည်း သဘာဝအတိုင်း တွေ့ရသည်။

မော်လမြိုင်ကျွန်း ရောက်၍ ဝေဝေနှင့် တွေ့တွေ့ချင်း ဝေဝေ၏ ရုပ်ဆင်းသဏ္ဌာန်ကို စိုက်ပြီး ကြည့်ခဲ့ဖူးသည်။ ထိုစဉ်က စိုက်ကြည့်သကဲ့သို့ နောက်တွင်လည်း စိုက်ပြီး ကြည့်ခဲ့ပေါင်း များခဲ့ပြီဖြစ်ရာ၊ တွေ့ဖူးသမျှ ဘယ်မိန်းကလေး မျက်နှာမှ မတွေ့ခဲ့ရသော ထူးခြားသည့် အင်္ဂါရုပ်ကို ယခုမှ တစ်ခုစီ စုပေါင်း ရှာဖွေတွေ့နည်းမျိုး စုံစုံလင်လင် စေ့စေ့စပ်စပ် တွေ့နေလေ၏။ ဝေဝေသည် ပြောပြီး ကြာရှည်ကြီး ကြည့်နေခြင်းကို အနေရခက်သကဲ့သို့ မျက်လွှာချကာ စာရင်းစာရွက်များ လှန်ကြည့်နေသည်။

'ပူးဝါး ချာတိတ်ပဲ၊ အိမ်ထဲ ခြေချုပ်မိနေတာပေါ့.... ဟုတ်လား၊ အမေကလည်း အဝေးမှာ၊ အစ်မကလည်း တစ်နေရာ၊ တစ်ယောက်တည်း အပျိုကြီး.... ဗျာများနေတာပေါ့'

ဦးစောဟန်သည် ရယ်သွမ်း သွေးလိုက်ကာ ကရုဏာ အရောင်အရှိန် တောက်ပသော မျက်လုံးဖြင့်ကြည့်လျက် တဟဲဟဲ ရယ်နေလေသည်။

ဝေဝေသည် ခေါင်းမဖော်ဘဲ ငုံ့လျက်ပင် ပြုံးနေလေသည်။

မိုးသည် သည်းရာမှ စဲသွားလေ၏။ အိမ်တံစက်မြိတ်အောက်၌ အုတ်တိုက်နှင့် မှီရပ်နေသော ဒရဝမ်ကုလားမှာ မိုးအေးအေးဖြင့် ငိုက်မျဉ်းနေလေသည်။

ဝေဝသည် စပါးရှင်းတမ်း စာရင်းရေးလျက် စပါးဖိုးငွေများ ရှင်းတွက်ယူပြီးနောက် လက်ပတ်နာရီကလေးကို ငုံ့ကြည့်ကာ ဦးစောဟန်ကို ပြန်ကြည့်လိုက်သည်။

'ကိုယ် ထိုင်နေတာ ကြာသွားတယ် ထင်တယ်၊ ဆောရီး.... ဝေဝေ'

ဝေဝေမှာ ရုတ်တရက် စကား မပြောတတ်သလောက် အခက်အခဲ ဖြစ်လျက် မျက်လုံးကလေး ပြူးလည်သွားသည်။

'မဟုတ်ပါဘူး၊ ဝေဝေ ဦးစောဟန်ကို ပြောချင်တာလေး တစ်ခုရှိလို့ အချိန်ကြည့်တာပါ'

'ဘယ့်နှယ်.... ဘာပြောချင်လို့လဲ ဝေဝေ၊ ပြောချင်တာပြောလေ'

ဝေဝေ၏ မျက်နှာ အမ်းနေပုံသည် ထူးခြားလျက်၊ ဦးစောဟန်မှာ ဘာမှန်းမသိ များစွာမှ စိတ်လှုပ်ရှား သွားလေသည်။

'ဝေဝေ ရောက်ကတည်းက ပြောချင်တာပါပဲ၊ အချိန်က စောတာလည်း တစ်ကြောင်း၊ ငြင်းများ နေမလားလို့ စိုးတာလည်းတစ်ကြောင်း'

ဦးစောဟန်သည် ရင်ကို မတ်လျက် ဝေဝေ၏ မျက်နှာကို စေ့စေ့ ကြည့်ကာ ကိုယ်ကို မလှုပ်မိအောင်ပင် ကြိုးစားပြီး နားစွင့်နေသည်။

'အခု လေးနာရီလည်း ထိုးပါပြီ၊ ဝေဝေ ကော်ဖီတစ်ခွက်လောက် တိုက်ပါရစေ၊ မိုးလည်း အေးပါတယ်၊ မသောက်နိုင်ပါဘူးလား'

ဦးစောဟန်သည် အသက်ကို ပင့်၍ ရှူလျက် ပြုံးလိုက်ပြီး လက်ကိုင် ပဝါနှင့် သူ့နဖူးကို ပုတ်လိုက်လေသည်။

'အို.... သောက်တာပေါ့ ဝေဝေရယ်၊ ဘာများလဲလို့ ထင့်သွားတာပဲ'

ဝေဝေ၏ မျက်နှာကလေးမှာ လ ငပုပ်ဖမ်းရာက လွတ်သွားသော လ၏ မျက်နှာကဲ့သို့ ကြည်လင် တောက်လင်းသွားလေသည်။ ဝေဝေသည် သွားကလေးတွေ ပေါ်နေအောင် ပြုံးလျက် 'ဒါဖြင့် ခဏစောင့်ပါဦးနော်' ဟု ဆိုကာ စားပွဲမှ ထ သွားလေသည်။

ဒေါ်သက်မှာ မီးဖိုထဲတွင် ညစာအတွက် ချက်ပြုတ်နေရ၍ ဧည့်သည် ရောက်မှန်းပင် မသိလိုက်ပေ။ ငေ ၁ ဝင်လာပြီး ပြောမှ 'ဟော.... သောက် မတဲ့လား' ဟု အလန့်တကြား ပြန်ပြောနေလေသည်။

ဦးစောဟန် ပြောင်းလာသည်မှာ ၁၀ လလောက် ရှိတော့မည်။

ဘာကျွေးကျွေး ငြင်းဆန်တတ်သဖြင့် အိမ်လာရင် အကျွေးအမွေးနှင့် ဧည့်ခံခြင်း မပြုကြဘဲ၊ လူမျိုးကွဲတစ်ယောက်ကဲ့သို့ သဘောထားကာ ကြောင်တောင် ကြည့်နေလိုက်ကြသည်။

ဦးစောဟန်မှာ သူ့ အချိန်နှင့်မှ သူ စားသည်။ အိမ်လာတတ်သည့် အချိန်များမှာ ဘာကျွေးကျွေး မစားနိုင်သော အချိန်မျိုး ဖြစ်နေလေ၏။

ဦးစောဟန် ကော်ဖီသောက်မည်ဟု သိရခြင်းမှာ ဒေါ်သက်အဖို့ ကုလားက ငါးပိ စားတာမျိုးလို အံ့စရာ ကောင်းနေလေ၏။

ဝေဝေသည် ကော်ဖီတစ်ခွက်တိုက်ရန် အလုပ် ရှုပ်သွားလေသည်။ ဗန်းပေါ်တွင် ခင်းရန် အဝတ်လှလှ ရှာရွေးသည်။ လက်ဖက်ရည် ပန်းကန်လုံးကို ထုတ်လာက မကြိုက်ပြန်၍ အသစ် ပြန်လဲပြန်လေသည်။ မီးဖိုနှင့် ထမင်းစားခန်းကို ကူးချည်သန်းချည် လုပ်ပြီးမှ ကော်ဖီတစ်ခွက် ဖျော်ထည့်ပြီးသွားသည်။

ပြင်ဆင်ပြီး ကော်ဖီဗန်းကို ယူမလိုက်ပြီးမှ တစ်စုံတစ်ရာ သတိရဟန်ဖြင့် 'မဖြစ်သေးဘူး ကြီးတော်' ဟု ဆိုလိုက်ကာ ဗန်းပြန်ချလိုက်သည်။

ဒေါ်သက်မှာ မီးဖိုထဲမှ ခပ်သုတ်သုတ် ထွက်သွားသော ဝေဝေ၏ နောက်ပိုင်းကို လှမ်းကြည့်လိုက်ရင်း 'ဘာမဖြစ် ပြန်တာပါလိမ့်တော်' ဟု ဆိုနေလေသည်။

ဝေဝေသည် ထမင်းစားခန်း ကြောင်အိမ်ထဲမှ ပန်းကန်များ ထုတ်ယူလာပြန်သည်။ လက်ဖက်ရည် ပန်းကန်စုံ ဝယ်စဉ်က နို့ခွက်၊ သကြားခွက်များ ပါသည်ကို အမှတ်ရလိုက်၍ ပြေးယူရသည်။

ဦးစောဟန်သည် သူများ ဖျော်ပေးသော ကော်ဖီကို သောက်မှ သောက်ချင်မည်၊ မြန်မာအိမ်က တည်နည်းမျိုးနှင့် မဖြစ်ဟု စိုးရိမ်ကာ သူ့ စိတ်တိုင်းကျ ဖျော်သောက်နိုင်ရန် နို့ခွက်၊ သကြားခွက်နှင့် အသစ် ပြန်ပြင်ရလေသည်။

ဝေဝေသည် ဗန်းကို ကိုယ်တိုင်ယူထုတ် ထွက်လာခဲ့သည်။

ဦးစောဟန်မှာ ဗန်းကို လှမ်းကြည့်လိုက်ကာ သဘောကျသည့် အမူအရာ ပေါ်နေသည်။

'ဝေဝေလည်း သောက်နော်'

'ဝေဝေတို့ နေ့လည်က သောက်ပါတယ်၊ အခုပဲ ထမင်းစားတော့မှာ၊ မသောက်ပါဘူး'

ဦးစောဟန်မှာ တောကအိမ်တွေ သည်အဆောင်အယောင်မျိုးနှင့် လက်ဖက်ရည် မတည်ကြမှန်း သိသည်။ အထူးတလည် မိမိအတွက် မိမိအကြိုက်အတိုင်း လုပ်လာမှန်းသိ၍ ပို၍ နှစ်ခြိုက်သွားကာ စိတ်တိုင်းကျဖျော်လိုက်သည်။

စာဖတ်အသင်းတိုက်ထဲမှ ထွက်လာခဲ့သော ကိုနေဦးမှာ ဝေဝေတို့အိမ်ဆီသို့ လျှောက်လာခဲ့ရာ၊ လမ်းမကပင် ဦးစောဟန်ကို လှမ်းမြင်ရသည်။ စားသောက်နေပုံ တွေ့၍ မျက်လုံးတစ်မျိုးဖြင့် ခပ်ဆန်းဆန်း ကြည့်ဝင်ခဲ့သည်။

'အစ်ကိုကြီး လာပြီ' ဟု ဝေဝေက ပြောလိုက်၍ ဦးစောဟန်သည် နောက်သို့ လှည့်ကြည့်ကာ နေရာမှ ထ ရပ် နှုတ်ဆက်လိုက်သည်။

'ဖေဖေ့ လာကြည့်တာပါ၊ သောက်ပါ၊ ကျွန်တော် အပေါ်တက်လိုက်ဦးမယ်'

ကိုနေဦးသည် လှေကားဆီသို့ တန်းသွားကာ တစ်ထစ်၊ နှစ်ထစ် တက်သွားပြီးမှ သတိရသလို ရပ်တန့်လိုက်လျက် ဝေဝေ့ကို လှည့်ပြောလေသည်။

'မအူပင်က ကိုစောတို့ လာတယ်၊ ထားထားက စာပေးလိုက်တယ်၊ ဒီလကုန်လောက် လာမယ်တဲ့'

ဝေဝေသည် နေရာမှ ထကာ၊ ကိုနေဦး လှမ်းပေးနေသော စာအိတ်ကို သွားယူလိုက်သည်။

ဝေဝေ စာဖတ်နေခိုက် ဦးစောဟန်မှာ လက်ဖက်ရည်ကို နောက်ထပ် ထည့်၍ ဖျော်နေပြီး၊ စာအိတ်ထဲ စာပြန်သွင်းနေသော ဝေဝေ့ကို မကြည့်ဘဲ ပြောနေသည်။

'ဝေဝေတော့ အစ်မ လာရင် နားဖို့ အချိန်ရပြီ၊ ကျန်းမာရေး ကြပ်ကြပ် သတိထားနေနော်'

ဝေဝေမှာ အစ်မနှင့် တွေ့ရတော့မည်ကို တွေးလျက် ဝမ်းသာအားရ မွှန်နေကာ ဦးစောဟန် ဘာဆိုလိုချင်မှန်း အဓိပ္ပာယ် မစဉ်းစားမိဘဲ၊ အမှတ်တမဲ့ ကြားလိုက်လေသည်။